သတင်းထုတ်ပြန်ချက်

# နိုင်ငံတကာရာဇဝတ်ခုံရုံးအနေဖြင့် ရက္ခိုင့်တပ်တော်၏ ရိုဟင်ဂျာများအပေါ် ကျူးလွန်သော စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်

**စုံစမ်းတွေ့ရှိချက်အသစ်မှာ ရိုဟင်ဂျာအရပ်သားများအား ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ခေါင်းဖြတ်သတ်ဖြတ်ခြင်းများပါဝင်သည့် အသေးစိတ်အချက်အလက်များအား ဖော်ပြထားသည်။**

(ဘန်ကောက်မြို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့) — နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်တွင် မြန်မာစစ်ကောင်စီအား တိုက်ခိုက်နေသော အင်အားကြီး တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးတပ်ဖွဲ့ဖြစ်သည့် ရက္ခိုင့်တပ်တော် (AA) မှ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးသင့်ကြောင်း Fortify Rights က ယနေ့ထုတ်ပြန်လိုက်သည်။
AA ၏ စစ်ရာဇဝတ်မှုကျူးလွန်မှုများတွင် ရိုဟင်ဂျာအရပ်သားများအား ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျေးရွာများနှင့် ယာယီထိန်းသိမ်းရေးစခန်းများတွင် သတ်ဖြတ်ခြင်းနှင့် ခေါင်းဖြတ်သတ်ဖြတ်ခြင်းတို့ ပါဝင်သည်။ Fortify Rights ၏ စုံစမ်းစစ်ဆေးမှုအသစ်အရ ရခိုင်ပြည်နယ်၏ နယ်မြေအများအပြားကို ထိန်းချုပ်ထားသည့် AA သည် လက်ရှိတွင် မည်ကဲ့သို့ စစ်ဥပဒေများကို ပြင်းထန်စွာ ချိုးဖောက်နေသည်ဟု ဖော်ပြထားသည်။

> "ရက္ခိုင့်တပ်တော်က ရိုဟင်ဂျာတွေကို နေရာအနှံ့မှာ ပြန်ပေးဆွဲတာတွေ၊ ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်တာတွေနဲ့ သတ်ဖြတ်တာတွေအတွက် တာဝန်ရှိပါတယ်။ တချို့ဆို ခေါင်းဖြတ်သတ်ဖြတ်ခံရတာတွေကိုလည်း တွေ့ခဲ့ရပါတယ်၊ ဒါတွေက စစ်ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက် နေတာပဲဖြစ်ပါတယ်။” ဟု Fortify Rights ၏ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေး အထူးတာဝန်ခံ Ejaz Min Khant (ဧဂျက်ဇ်မင်းခန့်)က ပြောကြားခဲ့သည်။ "နိုင်ငံတကာ ရာဇဝတ်ခုံရုံးအနေနဲ့ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ပြင်းထန်တဲ့ ရာဇဝတ်မှု ကျူးလွန်သူများကို တရားစွဲဆိုခွင့် အာဏာရှိပြီး၊ ရက္ခိုင့်တပ်တော်အတွင်းမှ ရာဇဝတ်မှုကျူးလွန်တဲ့ တရားခံများကိုလည်း စုံစမ်းစစ်ဆေးကာ တရားစွဲဆိုသင့်ပါတယ်။”

၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များအတွင်း AA ၏ ရက်စက်ကြမ်းကြုတ်မှုများမှ အသက်ရှင်ကျန်ရစ် လွတ်မြောက်လာသူများ နှင့် မျက်မြင်သက်သေများဖြစ်သည့် ရိုဟင်ဂျာ ၃၉ ဦး (အမျိုးသမီး ၈ ဦးအပါအဝင်)

အား ၂၀၂၅ ခုနှစ်၊ ဧပြီလမှ ဇူလိုင်လအထိ Fortify Rights မှ တွေ့ဆုံမေးမြန်းခဲ့သည်။ Fortify Rights သည် AA ၏ ရာဇဝတ်မှုများနှင့် ပတ်သက်သည့် ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်း အထောက်အထားများကိုလည်း ကြည့်ရှုစိစစ်ခွဲခြမ်းစိတ်ဖြာခဲ့သည်။

Fortify Rights သည် မြို့များနှင့် ယာယီထိန်းသိမ်းရေးစခန်းများအတွင်း ရိုဟင်ဂျာအရပ်သားများအား AA တပ်ဖွဲ့ဝင်များမှ ခေါင်းဖြတ်သတ်ဖြတ်ခဲ့သည့် ထင်သာမြင်သာရှိသော ဖြစ်ရပ် ၅ ခုတို့ အပါအဝင် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရခြင်းများကို မှတ်တမ်းတင်ခဲ့သည်။ ထို့အပြင် AA ထိန်းချုပ်ထားသော ယာယီထိန်းသိမ်းရေးစခန်းများနှင့် မြို့များတွင် ရိုဟင်ဂျာများအား ပြန်ပေးဆွဲပြီးနောက် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုများ စနစ်တကျ ကျူးလွန်နေသည်များကိုလည်း မှတ်တမ်းတင်ခဲ့သည်။ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်မှုရှိသည်ဟု အကြောင်းမဲ့စွပ်စွဲခံရခြင်း သို့မဟုတ် AA တပ်ဖွဲ့တွင်းသို့ ဝင်ရန်ငြင်းဆိုခဲ့ခြင်းတို့ကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ကြောင်း အသက်ရှင်ကျန်ရစ်လွတ်မြောက်လာသူများက ပြောကြားခဲ့သည်။

**သတ်ဖြတ်မှုများနှင့် ခေါင်းဖြတ်သတ်ဖြတ်မှုများ**

အသက် ၂၁ နှစ်အရွယ် ရိုဟင်ဂျာလူငယ် "အာဟ်မတ်" က ၂၀၂၅ ခုနှစ် ရာမဒန်ကာလအတွင်း AA တပ်ယူနီဖောင်းဝတ်ဆင်ထားသော လက်နက်ကိုင်များက ၎င်း၏ညီကို မည်သို့ဖမ်းဆီးခဲ့ပုံကို Fortify Rights သို့ ဤသို့ ပြောပြခဲ့သည်။

> ရာမဒန် လရဲ့ရက် ၂၀ မြောက်နေ့မှာ ကျွန်တော့်ညီကို AA တပ်ဖွဲ့က သတ်ပစ်ခဲ့တယ်။ ကျွန်တော့်ညီနဲ့ ကျွန်တော်တို့မိသားစုတွေအားလုံး ဥပုသ်စောင့်နေတဲ့အချိန်ပါ။ ယူနီဖောင်းဝတ်ထားတဲ့ AA လက်နက်ကိုင် ၁၀-၁၅ ယောက်လောက်ရောက်လာတယ်။ သူတို့မှာ သေနတ်အရှည်တွေ ပါတယ်။ သူတို့ ကျွန်တော့်ညီကို ခေါ်သွားတာ တွေ့လိုက်တယ်။ သူတို့ကျွန်တော့်ညီကို အိမ်ကနေ ခေါ်သွားတာကို ကျွန်တော်တို့ တမိသားစုလုံးမြင်လိုက်ရတယ်။ သူတို့က ကျွန်တော့်ညီကို အတင်းအဓမ္မဆွဲခေါ်တယ်။ သူတို့က အရမ်းဒေါသတကြီးနဲ့၊ ကျွန်တော့်ညီက သူတို့နဲ့ လိုက်ဖို့ အလိုမတူတော့ အတင်းဆွဲခေါ်သွားတယ်။ ဝင်ဆွဲတဲ့ ကျွန်တော့်ကိုလည်း ဆောင့်တွန်းတယ်။ ကျွန်တော့်မိဘတွေကလည်း သူတို့ကို တားဖို့ ကြိုးစားခဲ့ကြပါသေးတယ်။ ကျွန်တော့်ညီလေးဆို အကန်ပါခံရတယ်။ ကျွန်တော့်မိဘတွေက AA တပ်သားတွေကို 'သူ့ကို ဘယ်ကိုခေါ်မလို့လဲ။ ကျေးဇူးပြုပြီး မလုပ်ကြပါနဲ့' ဆိုပြီး အသနားခံပြီး တောင်းပန်ခဲ့ကြပါသေးတယ်။ ဖြစ်ပျက်ခဲ့တာတွေအတွက် တရားမျှတမှုရရှိမှာလည်း မဟုတ်ပါဘူး။

ကျွန်တော့်အိမ်နောက်တွင် သစ်တောရှိတယ်။ သူတို့က ကျွန်တော့်ညီကို သစ်တောထဲကို ခေါ်သွားကြတာ" ဟု အာဟ်မတ်က ရှင်းပြခဲ့သည်။ နောက်ပိုင်းတွင် အာဟ်မတ်နှင့် ဆွေမျိုးအချို့သည် ၎င်း၏ညီဖြစ်သူ ခေါင်းဖြတ်သတ်ခံထားရသော အလောင်းကို သစ်တောထဲတွင် တွေ့ရှိခဲ့သည်။ အာဟ်မတ်မှ Fortify Rights သို့ ဤသို့ ဆက်လက်ပြောကြားခဲ့သည်။

> ကျွန်တော်တို့ သူ့ကို မြေကြီးပေါ်မှာ ရှာတွေ့ခဲ့တာ။ သူ့အလောင်းကို ဆန်အိတ်အဟောင်းထဲမှာ ထည့်ထားတာ။ သူရဲ့ ခေါင်းနဲ့ ခန္ဓာက တခြားစီဖြစ်နေပြီ။ ကျွန်တော်တို့ သူ့ခေါင်းကို တွေ့တော့မှ ဒါက ကျွန်တော့်ညီပဲဆိုတာကို သိခဲ့ရတာ။

နောက်တစ်နေ့တွင် ဘင်္ဂလားဒေ့ရှ်သို့ မထွက်သွားမီ မိသားစုဝင်များသည် စျာပနကို အကျဉ်းရုံးပြုလုပ်ခဲ့ကြသည်။

နောက်ထပ်အခြားဖြစ်စဉ်တစ်ခုတွင်မူ အဘူဂျာရွာ၊ သရက်အုပ်ကျေးရွာမှ ရိုဟင်ဂျာအမျိုးသား ၅ ဦးပါဝင်သော အုပ်စုတစ်စုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ၌ AA တပ်ဖွဲ့မှ ဖမ်းဆီးပြန်ပေးဆွဲခဲ့ရာ နောက်ပိုင်းတွင် သေဆုံးလျက် တွေ့ရှိခဲ့ရပြီး၊ ယင်းအမျိုးသားတို့အနက်မှ ၄ ဦး၏ ခေါင်းဖြတ်သတ်ဖြတ်ခံရကာ ရုပ်အလောင်းများအားလုံးတွင် ညှဉ်းပန်းနှိပ်စက်ခံရသည့် လက္ခဏာများတွေ့ရှိခဲ့ရသည်။ သေဆုံးသူများထဲမှ တစ်ဦး၏ ဆွေမျိုးတော်စပ်သူ မျက်မြင်သက်သေတစ်ဦးမှ Fortify Rights အား အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> ကျွန်တော် ချုံပင်နောက်မှာ ပုန်းနေတုန်း သူတို့က နူမာလ်ဟာကိမ်း နှင့် အစ္စလာမ်ကို ဖမ်းသွားပြီး ငါးကန်နား (သူတို့အလုပ်လုပ်နေသောနေရာ) ကနေ ခေါ်ထုတ်သွားတာကို မြင်လိုက်ရတယ်။ ပြီးကျတော့ သူတို့က [ထိမ်ချုန်] အဗ္ဗဒူလ်အာမိန် ကို ကမ်းနားမှာ ဖမ်းတယ်။ [AA တပ်ဖွဲ့က] သူ့ကို ခေါ်သွားပြီး အခြားဖမ်းဆီးထားတဲ့ နှစ်ယောက်ဘေးမှာ ထိုင်ခိုင်းတယ်။ ကျွန်တော်လည်း သူတို့ကို ဆက်ကြည့်နေရင်းနဲ့ပဲ ညနေစောင်းနေဝင်တဲ့အထိဖြစ်သွားတယ်။ AA လက်နက်ကိုင် ၃-၄ ယောက်က သူတို့ကို အားနဲ့ အပြင်းအထန် ကန်ကျောက်၊ လက်သီးတွေနဲ့ ထိုးနေတာကို မြင်ခဲ့ရတယ်။ သူတို့က [ရိုဟင်ဂျာအမျိုးသား] ၅ ယောက်စလုံးကို ဖမ်းဆီးပြီး လက်တွေ ကြိုးတုပ်ပြီး တစ်နေရာကိုခေါ်သွားကြတယ်။

တစ်ပတ်ခန့်အကြာတွင် ပြန်ပေးဆွဲခံခဲ့ရသော ရိုဟင်ဂျာအမျိုးသား ၅ ဦး၏ အလောင်းများကို ၎င်းတို့ ပြန်ပေးဆွဲခံခဲ့ရသည့်နေရာမှ တစ်မိုင်ခန့်အကွာ၊ ရိုဟင်ဂျာတောင်ကျေးရွာ (ရွက်ညိုတောင်) ရှိ ငါးမွေးကန်တစ်ခုတွင် တွေ့ရှိခဲ့ရသည်။ မျက်မြင်သက်သေတစ်ဦးမှ ပြန်လည်ပြောကြားခဲ့သည်မှာ -

"ကျွန်တော့်ဆွေမျိုးတစ်ဦးက အလောင်းတွေကို အတည်ပြုဖို့ အလောင်းတွေရှိတဲ့ အဲဒီနေရာကို သွားကြည့်ခဲ့တယ်။ လူမှုကွန်ရက်ပေါ်မှာ တင်ခဲ့တဲ့ ဗီဒီယိုမှာ သူ့ရဲ့ အသံကို နားထောင်ကြည့်လို့ရပါတယ်။ သူတို့ရဲ့ ခေါင်းတွေ ဖြတ်ခံထားရတာ၊ ဓားနဲ့ထိုးခံရတာတွေနဲ့ တခြားနှိပ်စက်ခံထားရတဲ့ဒဏ်ရာတွေလည်း ရှိပါတယ်။"

Fortify Rights မှ လက်ခံရရှိထားသော ဖုန်းဖြင့်ရိုက်ကူးထားသည့် ၁၈ စက္ကန့်ကြာဗီဒီယိုဖိုင် တစ်ခုတွင် ငါးကန်ငယ်တစ်ခုမှ အလောင်း ၅ လောင်းတွင် ခေါင်းဖြတ်သတ်ခံထားရသော အလောင်း ၄ လောင်းလည်း ပါရှိသည်ကို ပြသထားသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ အစီရင်ခံစာတွင်လည်း ၎င်းဖြစ်ရပ်ကို မှတ်တမ်းတင်ခဲ့သည်။ "၂၀၂၄ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ရက္ခိုင့်တပ်တော်မှ မောင်တောမြောက်ပိုင်းတွင် ရိုဟင်ဂျာငါးဦးကို ဖမ်းဆီးခဲ့ပြီး လေးဦးမှာ ခေါင်းဖြတ်ခံရပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖြတ်တောက်ခံထားရသည့် အလောင်းများကို ဒေသခံများက တွေ့ရှိခဲ့သည်။"

Fortify Rights မှ မှတ်တမ်းတင်ထားသည့် အခြားဖြစ်စဉ်တစ်ခုတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ဖိုတဲပ်ဟ်အာလီ ကျေးရွာမှ အသက် ၃၃ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးသည် AA တပ်ဖွဲ့က ၎င်း၏ညီ "မူဟာမတ်" ကို မည်သို့ခေါ်ဆောင်သွားခဲ့ ကြောင်း ပြန်လည်ပြောပြခဲ့သည်။

> ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ည ၉ နာရီနှင့် ၁၀ နာရီကြားမှာ AA လက်နက်ကိုင်တွေ ကျွန်တော့်အိမ်ကိုရောက်လာခဲ့ပါတယ်။ အဲဒီညမှာပဲ AA အဖွဲ့ဝင် ၁၅ ယောက်ရောက်လာပြီး ကျွန်တော့်ညီကို လာခေါ်သွားတယ်။ ကျွန်တော့်ညီလည်း အိမ်ထဲကထွက်လာခဲ့တယ်။ AA က ကျွန်တော့်ညီကိုဘာမှမပြောဘဲ အတင်းခေါ်သွားတာ။ သူတို့အားလုံးမှာ သေနတ်တွေပါတယ်။ ... ကျွန်တော့်အမေက AA လက်နက်ကိုင်တွေကို 'ငါ့သားကိုဘယ်ကိုခေါ်သွားမလို့လဲ' လို့မေးတော့ AA တစ်ယောက်က 'သူ့ကိုပြန်ပို့ပေးမယ်' လို့ ပြန်ဖြေပါတယ်။ ရိုဟင်ဂျာတစ်ယောက်ကို AA ကဖမ်းသွားပြီးဆိုတာနဲ့ အဲ့သူကသေပြီလို့သာ သတ်မှတ်လိုက်ရတာပဲ။ သူ့ကိုရှာဖို့ ဒါမှမဟုတ် စုံစမ်းဖို့ဆိုတဲ့ ရွေးချယ်စရာလည်းမရှိပါဘူး။

ထို့နောက် ဖမ်းဆီးခံရပြီးနောက်နှစ်လအကြာတွင် AA တပ်ဖွဲ့သည် ၎င်း၏ကျေးရွာသို့ ပြန်လည်ရောက်ရှိလာကာ ရွာသားများအား အောက်ပါအတိုင်း ကြေညာခဲ့ကြောင်း ထိုလူငယ်က Fortify Rights သို့ ရှင်းပြခဲ့သည်။

AA လက်နက်ကိုင်တွေက နှစ်လလောက်ကြာတော့ ရွာကိုပြန်လာပြီး 'ဘိုရီယောင်း [ဘိုကြီးချောင်း]ကျေးရွာမှာ အလောင်းတွေရှိနေတယ်။ သွားရှာကြည့်ကြ' လို့ပြောခဲ့ပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကိုကြီး ဘိုရီယောင်းကျေးရွာက လယ်ကွင်းထဲသွားခဲ့ကြတယ်။ ၄၅ မိနစ်ခန့်ကြာအောင်တော့ လမ်းလျှောက်ခဲ့ရတယ်။ လယ်ကွင်းကျယ်ထဲမှာ အလောင်းတွေကို တွေ့ခဲ့ပါတယ်။ အလောင်း ၁၂ လောင်းရှိတယ်။ အားလုံးက ကျွန်တော့်ရွာကလူတွေကြီးပဲ။ အချို့အလောင်းတွေမှာ သေနတ်ဒဏ်ရာတွေရှိပါတယ်။ အားလုံးမှာ ထိခိုက်ဒဏ်ရာတွေကိုယ်စီရှိကြတယ်။ ကျွန်တော့်အစ်ကိုကြီး မူဟာမတ်မှာ အပြာကွက်၊အမဲကွက် ဒဏ်ရာတွေနဲ့ အရမ်းကိုရက်ရက်စက်စက် ရိုက်နှက်ခံထားရတဲ့ပုံပါပဲ။ … သူ့မျက်နှာကလည်း ရိုက်ခံထားရတဲ့ပုံဖြစ်နေပြီး မျက်နှာပေါ်က သွေးတွေတောင်ခြောက်နေပြီ။

**ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း**

ရိုဟင်ဂျာများမှ AA ၏ ဖမ်းဆီးခံရမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများမှ မည်သို့အသက်ရှင်ကျန်ရစ်လျက် လွတ်မြောက်ခဲ့ပုံကို Fortify Rights အား ပြောပြခဲ့ကြသည်။ အသက် ၂၁ နှစ်အရွယ် "အဗ္ဗဒူလ္လါ" က ၂၀၂၄ ခုနှစ်၊ မေလအစောပိုင်းက မောင်တောမြို့နယ်၊ ဘိုလီဘဇား [ကြိမ်ချောင်း]ကျေးရွာတွင် AA မှ ၎င်းအားဖမ်းဆီးညှဉ်းပန်းခဲ့ပုံကို ဤသို့ပြောပြခဲ့သည်။

သူတို့က ဝါးရင်းတုတ်တို့၊ ဝါယာကြိုးတို့တွေကို သုံးပြီး ရိုက်နှက်တယ်။ ပြီးတော့ သူတို့အားရှိသရွေ့ကန်တယ်၊ ထိုးကြိတ်တယ်။ AA အဖွဲ့ဝင် လေးယောက်က ကျွန်တော့်ကို ဝိုင်းရိုက်ကြတယ်။ AA တစ်ယောက်က အဝါရောင်ဆီအိုးပေါ်ထိုင်ပြီး ကျွန်တော့်မျက်နှာ၊ နှုတ်ခမ်းနဲ့ နှာခေါင်းကို လက်သီးနဲ့ထိုးတယ်။ နောက်တစ်ယောက်က သစ်သားတုတ်နဲ့ ဂေါက်သီးရိုက်သလို ကျွန်တော့်ကျောကုန်းကို အားကုန်ရိုက်တယ်။ တစ်ချက်ရိုက်ခံရတိုင်း ဒဏ်ရာတွေဖြစ်ပြီး ညိုမည်းစွဲသွားတယ်။ ဝါယာကြိုးနဲ့ရိုက်ခံရတဲ့အချိန်မှာ ချက်ချင်းရောင်ရမ်းပြီး သွေးတွေပါထွက်တယ်။ တုတ်နဲ့ရိုက်တဲ့ဒဏ်ကြောင့် အတွင်းကြေဒဏ်ရာဖြစ်သွားတယ်။ ကျွန်တော့်ကိုယ်ပေါ်က အမာရွတ်တွေ အခုထိ မပျောက်သေးဘူး (သူ၏အမာရွတ်များကိုပြသည်)။ ကျွန်တော့်ကို တခြားဖမ်းခံထားရတဲ့ သုံးယောက်ထက် ပိုပြီးရက်ရက်စက်စက်ရိုက်နှက်ခဲ့ကြတယ်။

သူဆက်ပြောသည်မှာ-

"သူတို့က ကျွန်တော့်ကို ဒူးထောက်ထိုင်ခိုင်းပြီး နောက်ကနေ တုတ်နဲ့ရိုက်ချက်တွေ၊ အကန်အကျောက်တွေ၊ လက်သီးတွေနဲ့ ထိုးတာတွေ လုပ်ကြတယ်။ အရမ်းနာလွန်းလို့ ရိုက်ချက်၊

ထိုးချက်တိုင်းမှာ အော်ဟစ်နေရတယ်။ ကျွန်တော်မအော်နိုင်အောင် ပါးစပ်ထဲကို အဝတ်စတွေထိုးထည့်တယ်။ ပါးစပ်နဲ့နှာခေါင်းကနေ သွေးတွေအများကြီးစီးကျနေတယ်။ နောက်ဆုံး ကျွန်တော် မြေကြီးပေါ်ပစ်လဲပြီး သတိပါလစ်သွားတယ်။"

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိတိုင်အောင် "ရှောဖိခ်" အမည်ရှိသည့် ဘူးသီးတောင်မြို့နယ်မှ ရိုဟင်ဂျာတစ်ဦးအား ရက္ခိုင့်တပ်တော် AA တပ်ဖွဲ့မှ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ၎င်းက Fortify Rights သို့ ပြန်လည်ပြောပြခဲ့သည်မှာ-

"၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ ညနေ ၈ နာရီခန့်မှာ ကျွန်တော်က အိမ်နားက ဟခိုင်းနား ဖာရာ [ကျေးရွာ] ဗလီမှာ ညနေခင်း နမာဇ်ဝတ်ပြုနေချိန် AA တပ်သား ၁၂ ယောက်လောက်က သေနတ်တွေနဲ့ ဗလီထဲကို ဝင်လာပြီး ကျွန်တော့်ကို လက်ထိပ်ခတ်ကြတယ်။"

ထို့နောက် ၎င်းက ဆက်လက်ပြောကြားခဲ့သည်မှာ-

AA ထိန်းသိမ်းရေးစခန်းကို ရောက်တာနဲ့ သူတို့က ကျွန်တော့်ခြေထောက်နှစ်ဖက်စလုံးကို သံခြေချင်းခတ်လိုက်ကြတယ်။ ကျွန်တော့်ခြေထောက်မှာ အမာရွတ်များ အခုထိ ကျန်ရှိနေတုန်းပဲ (၎င်းက တွေ့ဆုံမေးမြန်းချိန်တွင် Fortify Rights အဖွဲ့အား အမာရွတ်များကို ပြသခဲ့သည်)... တော်တော်လေးလည်း ချမ်းနေခဲ့တယ်... အောက်ကမြေကြီးပေါ်မှာ တာလဘက်ပဲခင်းထားတယ်။ ကျွန်တော် အဲ့မြေကြီးပေါ်က အခင်းမှာ ဒီအတိုင်းပဲ လှဲနေခဲ့ရတယ်။ သူတို့တွေ ကျွန်တော့်ကို ရက်သတ္တပတ်တွေ အများကြီးကြာအောင် ဖမ်းဆီးထိန်းသိမ်းထားကြခဲ့တယ်။

AA တပ်သားတစ်ဦးက 'မင်းကို ဖမ်းထားတာ မင်းက မကောင်းတဲ့လူတစ်ယောက်မို့လို့ပဲ။ မင်းက စစ်ကောင်စီတပ်ကို အချက်အလက်တွေ ပို့နေလို့။ ARSA (Arakan Rohingya Salvation Army - စစ်ကောင်စီနှင့် ပူးပေါင်းနေသော ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့) မင်းတို့ရွာကို ဘယ်တုန်းက ရောက်လာတယ်ဆိုတာ ပြောပြစမ်း' လို့ ပြောလာတယ်။ သူတို့က ကျွန်တော့်ကို အခြေအမြစ်မရှိ၊ မမှန်ကန်တဲ့ စွပ်စွဲချက်တွေနဲ့ စွပ်စွဲနေကြတာ။ ကျွန်တော်ကလည်း 'ခင်ဗျားတို့မေးနေတဲ့အကြောင်းအရာတွေကို ကျွန်တော် ဘာတစ်ခုမှ မသိဘူး' လို့ ပြန်ပြောတဲ့အခါ သူတို့က ၂ ပေလောက်ရှည်တဲ့ ဝါးရင်းတုတ်နဲ့ ကျွန်တော့်ကျော၊ ပေါင်ခြံနှင့် ပေါင်တွေကို ရိုက်နှက်ကြတော့တာပဲ။ အဲ့တုန်းက သူတို့ တပ်ယူနီဖောင်းဝတ်ဆင်ထားကြတယ်။ ကျွန်တော်မှတ်မိနေတယ်။ သူတို့ဝတ်ထားတာ AA ရဲ့ တပ်ယူနီဖောင်းဖြစ်ပြီး 'Arakan Army' လို့ ရေးထားတဲ့ သင်္ကေတပါတယ်။ အဲ့နေ့က သူတို့ ကျွန်တော့်ကို တစ်နာရီခွဲလောက်ကြာ အချိန်ယူပြီး ရိုက်နှက်ခဲ့ကြတယ်။

> AA အဖွဲ့ဝင်တစ်ယောက်က ကျွန်တော်ဒူးထောက်နေတုန်း ဝါးရင်းတုတ်နဲ့ရိုက်နှက်၊ ကန်ကျောက်တော့ ကျွန်တော်လည်း မြေကြီးပေါ် လဲကျသွားတယ်။ သူက "ဘာလို့ စွပ်စွဲချက်ကို ဝန်မခံသေးတာလဲ" လို့ မေးပြီး ထွက်သွားတယ်။

၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ရှောဖိစ်အား ဘူးသီးတောင်မြို့အလယ်ရှိ အကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိ ထိန်းသိမ်းခံခဲ့ရသည်။ ၎င်းသည် အကျဉ်းထောင်အတွင်း၌ သေဆုံးပြီးဖြစ်သော အခြားအကျဉ်းသားများ၏ အလောင်းများကို မြင်တွေ့ခဲ့ရသည်။

> AA တပ်ဖွဲ့ဝင်တွေက အချုပ်ခန်းတွေထဲကနေ အလောင်းတွေကို ညဘက်ကြီး သယ်ထုတ်နေတာတွေကို တွေ့ခဲ့တယ်။ သူတို့က ဘယ်သူတွေလဲမသိပါဘူး။ ဒါပေမယ့် ကျွန်တော်အကျဉ်းကျနေတဲ့အချိန်မှာ အခြားအချုပ်ခန်းတွေကနေ အနည်းဆုံးအလောင်း ငါးလောင်းကို သယ်ထုတ်နေတာကို ကွက်ကွက်ကွင်းကွင်း မြင်ခဲ့ရတယ်။ ကျွန်တော်က အပေါ်ထပ်မှာရှိနေတော့ အလောင်းတွေကို အောက်ထပ်ကနေ သယ်နေတာကို အကုန်မြင်ခဲ့ရတယ်။

Fortify Rights သည် ရခိုင်ပြည်နယ်ရှိ AA ၏ ယာယီထိန်းသိမ်းရေးစခန်းများတွင် ရိုဟင်ဂျာအရပ်သားများအား သတ်ဖြတ်မှုများကိုလည်း မှတ်တမ်းတင်ခဲ့သည်။ AA ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကနေ လွတ်မြောက်လာသူတစ်ဦးက Fortify Rights အား ဤသို့ပြောပြခဲ့သည်။

> ကျွန်တော် AA တပ်ဖွဲ့ရဲ့ထိန်းသိမ်းရေးစခန်းကနေ မလွတ်မြောက်ခင်အထိ သူတို့က ကျွန်တော့်ကို ခြေချင်းခတ်ပြီး ခုနစ်လကျော်တဲ့အထိ ချုပ်နှောင်ထားခဲ့တယ်။ အဲ့ခြေချင်းတွေက သံဂဟေဆော်ထားပြီး အခြားသူများကိုလည်း အဲ့နည်းအတိုင်းပဲ ချုပ်နှောင်ထားကြတယ်။ ဖမ်းခံရတဲ့သူ တစ်စုံတစ်ယောက်သေသွားမှပဲ သံဖြတ်ကတ်ကြေးနဲ့ဖြတ်ပြီး ဖြုတ်ပေးလေ့ရှိတာ။ AA တပ်ဖွဲ့ဝင်တွေက အချုပ်သားအလောင်းတွေကို သယ်ထုတ်လာပြီး သံခြေချင်းတွေကိုဖြတ်တောက်ပြီး အနီးရှိတောင်ကုန်းတွေမှာ မြေမြှုပ်လိုက်တာတွေကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့တယ်။ ဒီဖြစ်ရပ်က ဇမ်ဘိုညာ [ဇင်ပိုင်ညာ] ကျေးရွာရှိ တပ်ရင်း (၁၀) မှာ ဖြစ်ပျက်ခဲ့တာဖြစ်ပြီး ကျွန်တော်လည်း အဲ့အချိန်တုန်းက အဲ့ဒီအချုပ်ခန်းတွင်းမှာ ရှိနေခဲ့တာ။ သေဆုံးသူရဲ့မိသားစုက အစ္စလာမ်ဓလေ့အတိုင်း မြေမြှုပ်သင်္ဂြိုဟ် ခွင့်တောင်းပေမယ့်လည်း AA က အလောင်းထုတ်ယူခွင့်မပြုဘဲ စခန်းအတွင်းမှာပဲ မြေမြှုပ်ခဲ့တယ်

FORTIFY RIGHTS

၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဟာဝါရ်ဘီလ်ကျေးရွာ (ခေါ်) ကျီးကန်ပြင်ကျေးရွာမှ ၂၁ နှစ်အရွယ် ရိုဟင်ဂျာလူငယ် "ရှော်ရိဖ်" ကိုလည်း အခြားရွာသား ၁၈ ဦးနှင့်အတူ AA မှ ဖမ်းဆီးခဲ့သည်။ သူတို့ကို အမှတ် (၃)၊ အထက်တန်းကျောင်းတွင် ၃၅ ရက်ကြာ ချုပ်နှောင်ထားခဲ့သည်။ ထို့နောက် ရက္ခိုင့်တပ်တော်က သူတို့ကို ၄ မိုင်ရပ်ကွက်ရှိ AA ၏ စခန်းတစ်ခုသို့ ခေါ်ဆောင်သွားခဲ့သည်။

> AA တပ်ဖွဲ့က ကျွန်တော်တို့ကိုးယောက်ကို အခန်းကျဉ်းကျဉ်းလေးတစ်ခုထဲမှာ ထည့်ပိတ်ထားတယ်။ အဲဒီအခန်းထဲမှာ လှဲအိပ်လို့လည်း မရ၊ လှုပ်လို့လည်းမရနဲ့ ထိုင်ပဲထိုင်နေခဲ့ရတယ်။ ခြင်တွေကိုက်၊ မိုးရေကယိုနဲ့ တော်တော် ချမ်းတယ်။ အိမ်သာမရှိတော့ အဲဒီအခန်းထဲမှာပဲ ကျင်ကြီးကျင်ငယ် အညစ်အကြေးစွန့်ခဲ့ရတယ်။ အနံ့တွေကလည်း နံဆော်။ အကူအညီလည်း မရှိနဲ့ - ကိုယ့်ဘာသာကိုယ် အသက်ရှင်ဖို့ မနည်းကြိုးစားခဲ့ရတယ်

Fortify Rights အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ရက္ခိုင့်တပ်တော် (AA) ထံသို့ ၎င်းတွေ့ရှိချက်များကို တွေ့ဆုံဆွေးနွေးရန် တောင်းဆိုသည့် စာတစ်စောင် ပေးပို့ခဲ့သည်။ ထိုတောင်းဆိုချက်ကို တုံ့ပြန်သည့်အနေဖြင့် AA သည် ဖြစ်စဉ်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ထပ်မံတောင်းခံခဲ့သည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် Fortify Rights က ရိုဟင်ဂျာအရပ်သားများအား AA မှ သတ်ဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းဆိုင်ရာ ထွက်ဆိုချက်များနှင့် မှတ်တမ်းများပါဝင်သည့် သုံးမျက်နှာပါ စာတမ်းတစ်စောင်ကို ပေးပို့ခဲ့ပြီး ဖြေရှင်းတုံ့ပြန်ချက်ကို ထပ်မံတောင်းဆိုခဲ့သည်။ ဇူလိုင်လ ၂၀ ရက်နေ့တွင် AA က စာဖြင့် ပြန်ကြားခဲ့ရာ ၎င်းတို့အဖွဲ့အနေဖြင့် "ဤမမှန်မကန် လုပ်ကြံဖန်တီးထားသော စွပ်စွဲချက်များနှင့် အသရေဖျက်မှုများကို ပြတ်ပြတ်သားသား ပယ်ချကြောင်း" ဖော်ပြပါရှိသည်။ AA ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်မှာ-

> သင်တို့ရဲ့ ပေးစာထဲက စွပ်စွဲချက်တွေကို သေချာ ဂရုတစိုက် စစ်ဆေးကြည့်တဲ့အခါ ဒါဟာ ကျွန်ုပ်တို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေဖို့ ရည်ရွယ်ပြီး တမင်တကာ၊ ထပ်တလဲလဲနဲ့ မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ တိုက်ခိုက်တာဖြစ်တယ်ဆိုတာ လုံးဝ ရှင်းပါတယ်။ နိုင်ငံရေး ရည်ရွယ်ချက်တွေနဲ့ လုပ်ကြံဖန်တီးထားတဲ့ ဒီဇာတ်လမ်းတွေဟာ လူမျိုးရေးခွဲခြားတဲ့၊ အစွဲလာမ္မစ် အစွန်းရောက် လူတချို့ရဲ့ နိုင်ငံရေးအကျိုးအမြတ်အတွက် လူ့အခွင့်အရေး ကိစ္စတွေကို အမြတ်ထုတ်ဖို့ ကြံစည်တဲ့ နည်းဗျူဟာတွေကို အသုံးပြုထားတာ ဖြစ်ပါတယ်။

AA ထိန်းချုပ်ထားသောနယ်မြေများရှိ ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်သည့် စစ်ရာဇဝတ်မှုများဖြစ်သည့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် မောင်တောမြို့နယ် နတ်မြစ်အနီး၌ ရိုဟင်ဂျာပြည်သူများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် ၂၀၂၄ ခုနှစ်၊ မေလက ရိုဟင်ဂျာနေအိမ်များကို မီးရှို့မှုများစသည်တို့ကို

Fortify Rights မှ စဉ်ဆက်မပြတ် မှတ်တမ်းတင်ခဲ့သည်။ AA မှ ဤစွပ်စွဲချက်များကို ငြင်းဆိုထားပြီး ယခုအချိန်ထိ တာဝန်ယူမှု တာဝန်ခံမှုသို့မဟုတ် ပြစ်မှုကျူးလွန်သူများအား တရားစီရင်မှုများ ပြုလုပ်ခြင်း မရှိသေးပေ။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် AA သည် စစ်သုံ့ပန်းနှစ်ဦးအား တရားမဲ့ကွပ်မျက်ခြင်းအကြောင်း စုံစမ်းထားသော Fortify Rights ၏ မှတ်တမ်းကို လူသိရှင်ကြား ဝန်ခံခဲ့သည်။ ဤကဲ့သို့သောပြစ်မှုသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအရ စစ်ရာဇဝတ်မှုတစ်ရပ်ဖြစ်သည်။

## နိုင်ငံတကာဥပဒေဆိုင်ရာ မူဘောင်များ

နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေ (သို့မဟုတ်) စစ်ဥပဒေများသည် ရခိုင်ပြည်နယ်ရှိ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော အဖွဲ့အားလုံးနှင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများတွင်ပါဝင်သောအဖွဲ့အားလုံးအတွက်လည်း အကျုံးဝင်ပါသည်။ အထူးသဖြင့် ဂျီနီဗာကွန်ဗင်းရှင်းများတွင် စစ်ဘက်ဆိုင်ရာပြုမူဆောင်ရွက်ပုံများအတွက် အခြေခံစည်းမျဉ်းများ သတ်မှတ်ထားပါသည်။

ဂျီနီဗာကွန်ဗင်းရှင်း၏ ဘုံသဘောတူညီချက်အပိုဒ် (၃) တွင် လက်နက်ကိုင်ပဋိပက္ခအတွင်း တိုက်ခိုက်ရေးကို ပါဝင်ခြင်းမရှိသော အရပ်သားများအား "လူမျိုး၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှု၊ ကျား/မ၊ မွေးဖွားမှုအခြေအနေ သို့မဟုတ် ချမ်းသာကြွယ်ဝမှု" စသည့် အကြောင်းပြချက်များပေါ် အခြေခံပြီး ခွဲခြားခြင်းမရှိဘဲ လူသားဆန်စွာ ဆက်ဆံရမည်" ဟု ကာကွယ်သတ်မှတ်ပေးထားပါသည်။

ခေါင်းဖြတ်သတ်ဖြတ်ခြင်းအပါအဝင် ကိုယ်လက်အင်္ဂါဖြတ်တောက်မှုများအား ဂျီနီဗာကွန်ဗင်းရှင်း အပိုင်း (၃) နှင့် ICC ၏ ရောမစာချုပ် အပိုဒ် (၈) အရ စစ်ရာဇဝတ်မှုများအဖြစ် သတ်မှတ်ထားပါသည်။ ရောမစာချုပ်စည်းမျဉ်း အပိုဒ် (၈)(၂)(စီ)(၁) တွင် "အသက်နှင့်ကိုယ်အင်္ဂါအား ထိခိုက်စေသော အကြမ်းဖက်မှုများ၊ အထူးသဖြင့် လူသတ်မှုအမျိုးမျိုး၊ ကိုယ်လက်အင်္ဂါဖြတ်တောက်မှု၊ ရက်စက်သောပြုမူမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများ" ကို စစ်ရာဇဝတ်မှုများအဖြစ် သတ်မှတ်ကာ တားမြစ်ထားပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ICC သည် ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်သို့ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားလူမဆန်သောပြုမူခြင်းများကို

စုံစမ်းစစ်ဆေးရန် ၎င်း၏ ရှေ့နေချုပ်အား လုပ်ပိုင်ခွင့်အာဏာပေးအပ်ခဲ့ပါသည်။ ဤတရားစီရင်ပိုင်ခွင့်သည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုများမှ စတင်ခဲ့သော်လည်း ၎င်း၏အခွင့်အာဏာအရ အကန့်အသတ်မရှိ စီရင်ပိုင်ခွင့်ရှိသည်။ AA အပါအဝင် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ရိုဟင်ဂျာများအား အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းအတွက် တာဝန်ရှိသူများအဖြစ် စုံစမ်းစစ်ဆေးနိုင်ပါသည်။

ICC ရှေ့နေချုပ်သည် AA ၏ ရိုဟင်ဂျာအရပ်သားများအပေါ် တိုက်ခိုက်ကျူးလွန်မှုများကို စုံစမ်းစစ်ဆေးမှုတွင် ထည့်သွင်းသင့်သည် ဟု Fortify Rights မှ တိုက်တွန်းပါသည် ။

> “ရက္ခိုင့်တပ်တော်အနေနဲ့ ထိန်းသိမ်းရေးစခန်းတွေနဲ့ ကျေးရွာတွေမှာ ရိုဟင်ဂျာတွေကို နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်တာတွေကို ရပ်တန့်သင့်တယ်” ဟု Ejaz Min Khant က ပြောသည်။ “ရက္ခိုင့်တပ်တော်အနေနဲ့ တရားဝင်တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့အဖြစ် သတ်မှတ်စေချင်တယ်ဆိုရင်တော့ နိုင်ငံတကာဥပဒေကို လေးစားလိုက်နာဖို့၊ အရပ်သားတွေကို အကာအကွယ်ပေးဖို့နဲ့ ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေအတွက် တာဝန်ယူဖို့ လိုအပ်ပါတယ်။”

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**


**Ejaz Min Khant**

လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေး အထူးတာဝန်ခံ (Human Rights Specialist)

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+1 323 7040 220 (Signal, WhatsApp)

**အီးမေးလ်** - Ejaz.MinKhant@FortifyRights.org

**တွစ်တာ/X** - @Ejaz_Minkhant, @FortifyRights

**John Quinley III**

Director

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (Signal, Whatsapp)

**အီးမေးလ်** - John.Quinley@FortifyRights.org
**တွစ်တာ/X** - @John_hq3, @FortifyRights

**Peter Bouckaert**
Senior Director
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်နှင့် ပြင်သစ်
+22 177 570 7764 (WhatsApp)
**အီးမေးလ်** - Peter.Bouckaert@FortifyRights.org
**တွစ်တာ/X** - @Bouckap, @FortifyRights